# ၁၉၅၃ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေး နှင့် မြို့ရွာစည်ပင်ရေးအဖွဲ့ (ပြင်ဆင်ချက်) အက်ဥပဒေ

( ၁၉၅၃ ခုနှစ်၊ အက်ဥပဒေ အမှတ် ၇၆ ။ )

( ၁၉၅၃ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက် )

( ၁၃၁၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၃ ရက် )

# သမ္မတအိမ်တော်

သမ္မတအိမ်တော်၊ ရန်ကုန်မြို့ ။
၁၃၁၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၃ ရက် ။
(၁၉၅၃ ခု၊ အောက်တိုဘာလ ၂၆ ရက် ။)

ဖွဲ့စည်းပုံအုပ်ချုပ်ပုံအခြေခံဥပဒေအရ ၊ အောက်ဖော်ပြပါ အက်ဥပဒေကို ထုတ်ပြန်ကြေငြာသည် ။

## ၁၉၅၃ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့ (ပြင်ဆင်ချက်) အက်ဥပဒေ [1]

( ၁၉၅၃ ခုနှစ်၊ အက်ဥပဒေ အမှတ် ၇၆ ။ )

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည် ။

၁။ ဤအက်ဥပဒေကို **၁၉၅၃ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့(ပြင်ဆင်ချက်) အက်ဥပဒေ** ဟုခေါ်ရမည် ။

၂။ နောက်တွင် "အဆိုပါအက်ဥပဒေဟု" ရည်ညွှန်းသည့် ၁၉၅၁ ခုနှစ်၊ နိုင်ငံတော် ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေး နှင့် မြို့ရွာစည်ပင်ရေးအဖွဲ့ အက်ဥပဒေ ပုဒ်မ ၄ ၊ ပုဒ်မခွဲ (၁) ၊ အပိုဒ် (ဂ) အစား ၊ အောက်ပါကို အပိုဒ် (ဂ) အဖြစ်ဖြင့် ထည့်သွင်းရမည်။

"(ဂ) ဘဏ္ဍာရေးနှင့် အခွန်တော်ဝန်ကြီးဌာနမှ ကိုယ်စားလှယ် တဦး။"

၃။ အဆိုပါ အက်ဥပဒေ ပုဒ်မ ၁၁ တွင် အောက်ပါကို ပုဒ်မခွဲ (၅) အဖြစ်ဖြင့် ထည့်သွင်းရမည်။

"(၅) အဖွဲ့သည် သင့်တော်သည်ဟု ထင်မြင်ယူဆလျှင် မိမိ၏ အာဏာ နှင့် တာဝန်ဝတ္တရားများကို ဥက္ကဋ္ဌအား လွှဲအပ်နိုင်သည်။"

[1] ၁၉၅၃ ခုနှစ်၊ နိုဝင်ဘာလ (၇) ရက်နေ့ (၁၃၁၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ ရက်) ရက်နေ့စွဲပါ မြန်မာနိုင်ငံပြန်တမ်း အပိုင်း (၁)၊ စာမျက်နှာ (၁၂၃၅) တွင် ထုတ်ပြန်ကြေညာသည်။

၄။ အဆိုပါ အက်ဥပဒေ ပုဒ်မ ၁၈ ၊ အပိုဒ် (ဂ) တွင် "အဖွဲ့က" ဆိုသည့် စကားရပ်နောက်၌ "ဥက္ကဋ္ဌအားရင်း" ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

၅။ အဆိုပါ အက်ဥပဒေပုဒ်မ ၁၉ ၊ ပုဒ်မခွဲ (၂) တွင် အောက်ပါကို အပိုဒ် (က-၁) အဖြစ်ဖြင့် ထည့်သွင်းရမည်။

"(က-၁) အဆိုပါ မြေသိမ်းအက်ဥပဒေ ပုဒ်မ ၂၃ ၊ ပုဒ်မခွဲ (၁) တွင် "first, the market value of the land at the date of the publication of the notification under section 4, sub-section (i);" ဆိုသည့်စာကားရပ်ကို ပယ်ဖျက်ရမည်။"

၆။ အောက်ပါကို အဆိုပါ အက်ဥပဒေပုဒ်မ ၁၉-က အဖြစ်ဖြင့် ထည့်သွင်းရမည်။

"၁၉-က။ ။(၁) နိုင်ငံတော်သမ္မတသည် မြို့ရွာစည်ပင်ရေး နှင့် ပြည်သူ့အိုးအိမ် ပြန်လည် ထူထောင်ရေးလုပ်ငန်း တိုးတက်အောင် ဆောင်ရွက်ရန် အလို့ငှာ အဖွဲ့က အလိုရှိသော မည်သည့် မြေကိုမဆို သိမ်းယူရန် ဆောင်ရွက်သည့်အခါ ၊ ထိုမြေပေါ်တွင် အဆောက်အအုံ တခုခုရှိ နေလျှင် ၊ ထိုအဆောက်အဦကို သိမ်းယူ ရန် နိုင်ငံတော်သမ္မတ၌ အာဏာရှိရမည်။

သို့ရာတွင် နိုင်ငံတော်သမ္မတက ဤပုဒ်မခွဲအရ မိမိ၏ အာဏာကို မသုံးစွဲမီ ထိုအဆောက်အအုံကို သိမ်းယူခြင်းသည် ဆိုခဲ့သည့် အတိုင်း တိုးတက်အောင် ဆောင်ရွက်ရန်အတွက် သို့တည်း မဟုတ် မြို့ရွာစီမံကိန်းအရ တည်ဆောက်ခြင်း နှင့် အသစ် ပြန်လည် တည်ဆောက်ခြင်းများ ပြုလုပ်ရန်အတွက် လိုအပ်သည် ဟု နိုင်ငံတော်သမ္မတက ကျေနပ်ပြီးဖြစ်ရမည်။

(၂) ပုဒ်မ ၁၉ ၊ ပုဒ်မခွဲ (၂) တွင် ဖော်ပြထားသော ပြင်ဆင်ချက် များနှင့် မဆန့်ကျင်စေဘဲ ၊ မြေသိမ်းအက်ဥပဒေ ပုဒ်မ ၂၃ မှ တပါး ၊ ထိုအက်ဥပဒေပါ အခြားပြဋ္ဌာန်းချက် အားလုံးသည် ၊ မြေသိမ်းယူခြင်း နှင့်သက်ဆိုင်သကဲ့သို့ ဤပုဒ်မအရ အဆောက် အအုံ တခုခုကို သိမ်းယူခြင်း နှင့်လည်း သက်ဆိုင်နိုင်သမျှ သက်ဆိုင်စေရမည်။"

၇။ အဆိုပါအက်ဥပဒေ ပုဒ်မ ၂၇ တွင် -

(က) အောက်ပါကို ပုဒ်မခွဲ (၁) ၏ အပိုဒ် (ခ-၁) အဖြစ်ဖြင့် ထည့်သွင်းရမည်။

"(ခ-၁) ဝန်ကြီးဌာန ၊ အစိုးရဌာန ၊ အဖွဲ့ သို့တည်းမဟုတ် ဒေသန္တရ အာဏာပိုင် တရပ်ရပ်ထံမှ မြေနှင့် အခြားမရွှေ့ပြောင်းနိုင်သည့် ပစ္စည်းများကို လွှဲပြောင်းရယူနိုင်၍ ၊ ဝန်ကြီးဌာန ၊ အစိုးရဌာန ၊ အဖွဲ့ သို့တည်းမဟုတ် ဒေသန္တရအာဏာပိုင် တရပ်ရပ်သို့ ထိုမြေနှင့် အခြားမရွှေ့ပြောင်းနိုင်သည့် ပစ္စည်းများကို လွှဲပြောင်းပေးနိုင်သည့်အာဏာ။"

(ခ) အောက်ပါကို ပုဒ်မခွဲ (၇) အဖြစ်ဖြင့် ထည့်သွင်းရမည်။

"(၇) အဖွဲ့သည် ၊ မြူနီစီပါယ်ကော်မတီအား သို့တည်းမဟုတ် ကော်ပိုရေးရှင်းအား အခွင့်မရဘဲ ဆောက်ထားသော အဆောက်အအုံကို ၊ သို့တည်းမဟုတ် အဆောက်အအုံများကို ဖယ်ရှားရန် နို့တစ်စာဖြင့် ညွှန်ကြားသောအခါ အဖွဲ့သည် နို့တစ်စာ မိတ္တူများကို ထိုအဆောက်အအုံ၌ သို့တည်းမဟုတ် အဆောက်အအုံများ၌ နေသူတို့ထံ ပေးပို့ရမည်။ အဆိုပါ နို့တစ်စာကို စာပို့တိုက်မှ ရီဇစ္စတြီ ပြုလုပ်၍ ထိုသူတို့ထံ ပေးနိုင်သည်။ သို့တည်းမဟုတ် ထိုအဆောက်အအုံများ၏ ပြင်ဘက်တွင် ကပ်ထားနိုင်သည်။ မြူနီစီပါယ်ကော်မတီက သို့တည်းမဟုတ် ကော်ပိုရေးရှင်းက အဖွဲ့၏ ညွှန်ကြားချက်အတိုင်း လိုက်နာရန် ပျက်ကွက်လျှင် ၊ ရန်ကုန်မြို့တော် မြူနီစီပါယ်အက်ဥပဒေတွင် သော်၎င်း ၊ မြူနီစီပါယ် အက်ဥပဒေတွင်သော်၎င်း ဤပုဒ်မတွင်သော်၎င်း မည်သို့ပင်ပါရှိစေကာမူ အဖွဲ့သည် နောက်ထပ် နို့တစ်စာ မချအပ်ဘဲ ၊ သို့တည်းမဟုတ် စစ်ဆေးမေးမြန်းခြင်း မပြုဘဲ အဆိုပါ အဆောက်အအုံများကို ဖြိုဖျက်နိုင်သည်။ ယင်းသို့ ဖြိုဖျက်သည့်အခါ ထိုအဆောက်အအုံများ တည်ရာမြေပေါ်ရှိ ပစ္စည်း တခုခုကို ဖယ်ရှားရန်၎င်း ၊ ထိုမြေပေါ်တွင် နေသူတဦးဦးထံမှ မြေကို လက်ရှိရယူရန်အတွက်၎င်း ၊ ထိုမြေကွက်လပ်ကို မြေပိုင်ရှင်သို့ လွှဲပြောင်းပေးရန်၎င်း အဖွဲ့၌ အာဏာရှိရမည်။"

၈။ အဆိုပါအက်ဥပဒေပုဒ်မ ၂၈ တွင် -

(က) အောက်ပါကို ပုဒ်မခွဲ (၁) နှင့် (၂) အစားထည့်သွင်းရမည် ။

"( ၁ ) ရန်ကုန်မြို့တွင် ရန်ကုန်မြို့တော် မြူနီစီပါယ်အက်ဥပဒေပါ ပြဋ္ဌာန်းချက်များ နှင့်၎င်း ၊ ပြည်ထောင်စုမြန်မာနိုင်ငံ အခြားအရပ်ဒေသများတွင် မြူနီစီပါယ်အက်ဥပဒေပါ ပြဋ္ဌာန်းချက်များ နှင့်၎င်း ၊ ထိုအက်ဥပဒေများ အရ ပြုသည့် နည်းဥပဒေများနှင့် သို့တည်းမဟုတ် စည်းကမ်းဥပဒေများ နှင့်၎င်း ၊ မဆန့်ကျင်စေဘဲ အဖွဲ့သည် အများသိစေရန် ကြော်ငြာစာ ထုတ်ပြန်၍ ထိုကြော်ငြာစာတွင် သတ်မှတ်ဖော်ပြထားသည့် လမ်း၌ သို့တည်း

မဟုတ် မြို့၏ တစိတ်တဒေသ၌ရှိသော မြေကွက်လပ်ပိုင်ရှင် အသီးသီးသည် မိမိ၏ မြေပေါ်တွင် မည်သည့် အမျိုးအစားဖြစ်၍ အနည်းဆုံး အထပ်ပေါင်း မည်ရွေ့မည်မျှရှိရမည်ဟု သတ်မှတ်ထားသည့် အဆောက်အအုံ တခုခုကို သို့တည်းမဟုတ် အဆောက်အအုံများကို ဆောက်ရမည်ဟု ကြေညာနိုင်သည်။

(၂) ယင်းသို့ ကျေငြာသည့်အခါ အဆိုပါမြေကွက်လပ် ပိုင်ရှင်တိုင်းသည် ထိုကြော်ငြာစာ နှင့်အညီ ၊ ထို့အပြင် ရန်ကုန်မြို့တော် မြူနီစီပါယ် အက်ဥပဒေပါ ပြဋ္ဌာန်းချက်များ နှင့်၄င်း ၊ မြူနီစီပါယ်အက်ဥပဒေပါ ပြဋ္ဌာန်းချက်များ နှင့်၄င်း ၊ ထိုအက်ဥပဒေများအရ ပြုသည့် နည်းဥပဒေများနှင့် သို့တည်းမဟုတ် စည်းကမ်းဥပဒေများ နှင့်၄င်း ၊ မဆန့်ကျင်စေဘဲ မိမိ၏ မြေကွက်လပ်ပေါ်တွင် အဆောက်အအုံကို သို့တည်းမဟုတ် အဆောက်အအုံများကို အဖွဲ့က သတ်မှတ်သည့် အချိန်အတွင်း ပျက်ကွက်ခြင်းမရှိဘဲ ပြီးစီးအောင် ဆောက်ရမည်။

သို့ရာတွင် အဖွဲ့သည် လုံလောက်သည်ဟု မိမိယူဆသော အကြောင်းရှိလျှင် ဤပုဒ်မအရ သတ်မှတ်သည့် ကာလအပိုင်းအခြားကို ယေဘုယျအားဖြင့်သော်၄င်း သီးခြားမြေကွက် တခုခု နှင့်စပ်လျဉ်း၍ သော်၄င်း တိုး၍ပေးနိုင်သည်။”

( ခ) ပုဒ်မခွဲ (၄) တွင် "ပုဒ်မခွဲ (၅) နှင့် ပုဒ်မခွဲ (၆)" ဆိုသည့် စကားရပ်အစား "ပုဒ်မ ၂၈-က" ဆိုသည့်စကားရပ် ကို ထည့်သွင်းရမည် ။

( ဂ) ပုဒ်မခွဲ (၅)နှင့် (၆) ကို ပယ်ဖျက်ရမည် ။

၉။ အဆိုပါ အက်ဥပဒေတွင် အောက်ပါကို ပုဒ်မ၂၈-က အဖြစ်ဖြင့် ထည့်သွင်းရမည် ။

“၂၈-က။ ။ ဤအက်ဥပဒေ အခြားနေရာများတွင်ဖြစ်စေ ၊ အခြား တည်ဆဲတရားဥပဒေ တခုခုတွင်ဖြစ်စေ မည်သို့ပင်ပါရှိစေကာမူ ပုဒ်မ ၁၉ အရ သို့တည်းမဟုတ် ပုဒ်မ ၁၉-က အရ သို့တည်းမဟုတ် ပုဒ်မ ၂၈ (၄) အရ ၊ သိမ်းယူသည့် မြေနှင့် အခြား မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းအတွက် လျော်ကြေးကို အောက်ပါအတိုင်း ပေးရမည်။

(က) အိ(စ်) အိန္ဒိယကုမ္ပဏီ (East India Company) ထံမှ ဖြစ်စေ ၊ ထိုစဉ်အခါက မြန်မာနိုင်ငံတော်အစိုးရထံမှ ဖြစ်စေ ၊ ဂရန်စာချုပ်ဖြင့် သို့တည်းမဟုတ် အငှားစာချုပ်ဖြင့် ရယူ၍ မဠမ ဂရန်ရသူက သို့တည်းမဟုတ် မဠမ အငှားရသူက သို့တည်း

မဟုတ် (မြေကို ဝယ်ယူ၍ မဟုတ်ဘဲ အမွေဆက်ခံ၍ ရရှိသည့်) ထိုသူ၏ အမွေစားအမွေခံများက လက်ရှိထားဆဲ ဖြစ်သည့် မြေအတွက် -

မူလဂရန်စာချုပ်ကို သို့တည်းမဟုတ် မူလ အငှားစာချုပ်ကို ပြုလုပ်စဉ်က မဌမဂရန်ရသူက သို့တည်းမဟုတ် ပဌမအငှား ရသူက ထိုမြေ နှင့်စပ်လျဉ်း၍ ပေးရသည့် မူလစပေါ်ငွေ (Premium) ရှိပါက ထိုစပေါ်ငွေ။

( ခ) ၁၉၄၈ ခုနှစ် ၊ ဇန်နဝါရီလ ၄ ရက်နေ့ မတိုင်မီက ဝယ်ယူသော မြေဖြစ်လျှင် -

(ကက) ထိုမြေအတွက် ထိုမြေ၏ ကာလတန်ဖိုးငွေ (ထိုငွေ) နှစ်ရပ်အနက် နည်းရာငွေ ။

( ခခ ) မြေကို သိမ်းယူရာတွင် ထိုမြေပေါ်ရှိ အဆောက်အအုံ အတွက် -

(ကာကာ) လက်ရှိ ပိုင်ရှင်က ဆောက်လုပ်သည့် အဆောက်အအုံဖြစ်လျှင် ထိုအဆောက်အအုံကို ဆောက်လုပ်စဉ်က ကုန်ကျသော စရိတ်ငွေမှ ဆောက်လုပ်ပြီးသည့် နှစ်ကစ၍ တစ်နှစ်လျှင် ၂ ၁/၂ ရာခိုင်နှုန်း ကျတွက်ချက်၍ ရသောငွေကို နုတ်ပြီး ကျန်ငွေ။

( ခါခါ ) လက်ရှိပိုင်ရှင်က ဝယ်ယူသည့် အဆောက်အအုံ ဖြစ်လျှင် ဝယ်ယူစဉ်က ပေးရသည့် တန်ဖိုးငွေမှ တစ်နှစ်လျှင် ၂ ၁/၂ ရာခိုင်နှုန်းကျ တွက်ချက်၍ ရသောတန်ဖိုး လျော့တွက် ငွေကို နုတ်ပြီး ကျန်ငွေ ။

သို့ရာတွင် ပိုင်ရှင်ကိုယ်တိုင်က အိမ်အကျယ်အဝန်း၏ အနည်းဆုံး ၅၀ ရာခိုင်နှုန်း လက်ရှိထားသော အဆောက်အအုံ အတွက်သော်ငင်း ၊ သာသနာရေး ၊ ကုသိုလ်ရေး သို့တည်းမဟုတ် ပညာရေး အဖွဲ့အစည်း ပိုင်ဆိုင်သော အဆောက်အအုံ တခုခုအတွက်သော်ငင်းဖြစ်လျှင် ကာလ တန်ဖိုးငွေကို ပေးရမည် ။

( ဂ ) ၁၉၄၈ ခုနှစ် ၊ ဇန်နဝါရီလ ၄ ရက်နေ့ နောက်မှ ဝယ်ယူသော မြေဖြစ်လျှင် -

(ကက) ထိုမြေအတွက် ထိုမြေ၏ ကာလတန်ဖိုးငွေ သို့တည်းမဟုတ် ၁၉၄၇ ခုနှစ် ၊ ဒီဇင်ဘာလ အတွင်း ပေါက်ဈေးငွေ သို့တည်းမဟုတ် လက်ရှိပိုင်ရှင်က ပေးရသည့် တန်ဖိုးငွေ (ထိုငွေ) သုံးရပ်အနက် အနည်းဆုံးငွေ။

( ခခ ) မြေကို သိမ်းယူရာတွင် ထိုမြေပေါ်ရှိ အဆောက်အအုံ အတွက် -

(ကာကာ) လက်ရှိပိုင်ရှင်က ဆောက်လုပ်သည့် အဆောက်အအုံ ဖြစ်လျှင် ထိုအဆောက်အအုံကို ဆောက်လုပ်စဉ်က ကုန်ကျသော စရိတ်ငွေမှ ဆောက်လုပ်ပြီးသည့် နှစ်ကစ၍ တစ်နှစ်လျှင် ၂ ၁/၂ ရာခိုင်နှုန်းကျ တွက်ချက်၍ ရသော တန်ဖိုးလျော့တွက်ငွေကို နုတ်ပြီးကျန်ငွေ။

( ခါခါ ) လက်ရှိပိုင်ရှင်က ဝယ်ယူသည့် အဆောက်အအုံဖြစ်လျှင် ၁၉၄၇ ခုနှစ် ၊ ဒီဇင်ဘာလ အတွင်း ပေါက်ဈေးငွေမှ ဝယ်ယူသည့် နှစ်ကစ၍ တစ်နှစ်လျှင် ၂ ၁/၂ ရာခိုင်နှုန်းကျ တွက်ချက်၍ရသော တန်ဘိုးလျော့တွက်ငွေကို နုတ်ပြီးကျန်ငွေ။

သို့ရာတွင် ပိုင်ရှင်ကိုယ်တိုင်က အိမ်အကျယ် အဝန်း၏ အနည်းဆုံး ၅၀ ရာခိုင်နှုန်း လက်ရှိထားသော အဆောက်အအုံ အတွက် သော်ငင်း ၊ သာသနာရေး ၊ ကုသိုလ်ရေး သို့တည်းမဟုတ် ပညာရေး အဖွဲ့အစည်း ပိုင်ဆိုင်သော အဆောက်အအုံ တခုခုအတွက်သော်ငင်း ဖြစ်လျှင် ကာလ တန်ဖိုးငွေကို ပေးရမည် ။

(ဃ) ကြွေးမြီအတွက် လက်ရှိပိုင်ရှင်က ရယူထားသည့်မြေ သို့တည်းမဟုတ် အဆောက်အအုံအတွက် -

ပစ္စည်းလွှဲပြောင်းသည့် စာချုပ်တွင် ဖော်ပြထားသည့် အဘိုး စားနားငွေ သို့တည်းမဟုတ် ထိုစာချုပ် ချုပ်ဆိုသည့်နေ့ ကာလ တန်ဖိုးငွေ (ထိုငွေ) နှစ်ရပ်အနက် နည်းရာငွေ။

၁၀။ အဆိုပါအက်ဥပဒေ ပုဒ်မ ၂၉ ၊ အပိုဒ် (ခ) တွင် "တာဝန်ဝတ္တရားကို" ဆိုသည့် စကားရပ်နောက်၌ "ဥက္ကဋ္ဌအား သို့တည်းမဟုတ်" ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည် ။

---

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ၊ ကျွန်ုပ်လက်မှတ်ရေးထိုးသည် ။

ဦးဘဦး ၊

နိုင်ငံတော်သမ္မတ ၊

ပြည်ထောင်စုမြန်မာနိုင်ငံတော် ။

ရန်ကုန်မြို့ ၊ ၁၃၁၅ ခု ၊ သီတင်းကျွတ်လပြည့်ကျော် ၃ ရက် ။

( ၁၉၅၃ ခု ၊ အောက်တိုဘာလ ၂၆ ရက်။ )

အမိန့်အရ ၊

ပါစိန် ၊

နိုင်ငံတော်သမ္မတအတွင်းဝန်။

[ အမှတ် ၁၁၅ ]

---------- ။ ----------